**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်ကြော်ငြာစာအမှတ် ၁၄၈ / ၂၀၂၃

၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်

( ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက် )

**လယ်ယာမြေကို အခြားနည်းသုံးစွဲထားမှုများ ဖြေရှင်းဆောင်ရွက်မည့်နည်းလမ်းနှင့် နောင်ထပ်မံ မဖြစ်ပွားစေရေးအတွက် ဆောင်ရွက်မည့်နည်းလမ်းများ လုပ်ထုံးလုပ်နည်းစံနှုန်း (Standard Operating Procedure – SOP) ရေးဆွဲပြုစုရေး ပြည်ထောင်စုအဆင့်လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ "**လယ်ယာမြေကို အခြားနည်းသုံးစွဲထားမှုများ ဖြေရှင်းဆောင်ရွက်မည့်နည်းလမ်းနှင့် နောင်ထပ်မံ မဖြစ်ပွားစေရေးအတွက် ဆောင်ရွက်မည့် နည်းလမ်းများ လုပ်ထုံးလုပ်နည်းစံနှုန်း (Standard Operating Procedure– SOP) ရေးဆွဲပြုစုရေး ပြည်ထောင်စုအဆင့်လုပ်ငန်းကော်မတီ**" ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး (စိုက်ပျိုးရေး)<br>စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ကိုယ်စားလှယ်( ၁ )ဦး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ် ( ၁ ) ဦး<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဆ) ညွှန်ကြားရေးမှူးချုပ် ( ၁ ) ဦး — အဖွဲ့ဝင်
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စိုက်ပျိုးရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(ဈ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(ဋ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ငါးလုပ်ငန်းဦးစီးဌာန
စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(ဌ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ဍ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ဎ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး
ဝန်ကြီးဌာန

(ဏ) ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

(တ) ညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင်
အမျိုးသားမှတ်ပုံတင်နှင့်နိုင်ငံသားဦးစီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

(ထ) ညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင်
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဒ) ညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင်
လမ်းဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဓ) အဆင့်မြင့်အရာရှိကြီး ( ၁ ) ဦး | အဖွဲ့ဝင်
မြန်မာနိုင်ငံရဲတပ်ဖွဲ့

(န) အမြဲတမ်းအတွင်းဝန် | အတွင်းရေးမှူး
စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(ပ) ညွှန်ကြားရေးမှူးချုပ် | တွဲဖက်အတွင်းရေးမှူး
လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန
စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

၂။ လယ်ယာမြေကို အခြားနည်းသုံးစွဲထားမှုများ ဖြေရှင်းဆောင်ရွက်မည့်နည်းလမ်းနှင့် နောင်ထပ်မံ မဖြစ်ပွားစေရေးအတွက် ဆောင်ရွက်မည့်နည်းလမ်းများ လုပ်ထုံးလုပ်နည်းစံနှုန်း (Standard Operating Procedure – SOP ) ရေးဆွဲပြုစုရေး ပြည်ထောင်စုအဆင့်လုပ်ငန်းကော်မတီ ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) လယ်ယာမြေများကို ဥပဒေနှင့်ညီညွတ်ခြင်းမရှိဘဲ အခြားနည်းအသုံးပြုနေသော ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ယခင်ကျူးလွန်ခဲ့မှုများနှင့် ယခုကျူးလွန်ဆဲဖြစ်ရပ်များကို ကာလအပိုင်းအခြားခွဲခြားသတ်မှတ်ခြင်းနှင့် စာရင်းကောက်ယူစိစစ်ခြင်းနည်းလမ်းကို သတ်မှတ်ပေးနိုင်ရေး စိစစ်တင်ပြပေးရန်၊

(ခ) နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် အပိုဒ်ခွဲ(က)ပါ စာရင်းရရှိရေး အတွက် မြေပြင်ကွင်းဆင်းကောက်ယူမည့်အဖွဲ့များဖွဲ့စည်းနိုင်ရေး ပါဝင်သင့်သော ပုဂ္ဂိုလ်အဖွဲ့အစည်းများနှင့် လုပ်ငန်းတာဝန်များ အဆိုပြုတင်ပြပေးရန်၊

(ဂ) ယခင်ကျူးလွန်ခဲ့မှုများကို ဥပဒေအရအရေးယူခြင်း၊ ဖျက်သိမ်းဖယ်ရှားခြင်းနှင့် လယ်ယာမြေဥပဒေပုဒ်မ ၃ (က) ပါ " မြို့နယ်နိမိတ်၊ ကျေးရွာနယ်နိမိတ်အတွင်းရှိ လူနေအိမ်ရာများ၊ ဘာသာရေးအဆောက်အအုံနှင့် ပရဝဏ်များ၊ အများပိုင်ဆိုင်၍ စိုက်ပျိုးရေးအတွက် အသုံးမပြုသောမြေများမပါဝင်" ဟူသော ခြွင်းချက်စကားရပ် အရ လယ်ယာမြေနှင့်အကျုံးမဝင်ကြောင်း သတ်မှတ်ပေးခြင်းတို့နှင့်စပ်လျဉ်း၍ စိစစ် တင်ပြပေးရန်၊

(ဃ) အပိုဒ်ခွဲ ( ဂ ) ပါ လယ်ယာမြေဥပဒေပုဒ်မ ၃ (က) ခြွင်းချက်အရ လယ်ယာမြေနှင့် အကျုံးမဝင်ကြောင်း သတ်မှတ်ခြင်းသည် တည်ဆဲဥပဒေနှင့် ညီညွတ်ခြင်း ရှိ / မရှိ စိစစ်တင်ပြပေးရန်၊

(င) ကျူးလွန်ဆဲဖြစ်ရပ်များကို ဥပဒေအရအရေးယူခြင်း၊ ဖျက်သိမ်းဖယ်ရှားခြင်းနှင့် လယ်ယာမြေဥပဒေအရ ခွင့်ပြုပေးခြင်းတို့နှင့်စပ်လျဉ်း၍ စိစစ်တင်ပြပေးရန်၊

(စ) နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်တို့တွင် စာရင်းကောက်ယူရာ၌ အသုံးပြုရန် လိုအပ်မည့်ပုံစံများ တစ်ပြေးညီဖြစ်စေရေးအတွက် ပုံစံအကြမ်းများ အဆိုပြုတင်ပြ ပေးရန်၊

(ဆ) လယ်ယာမြေများကို ဥပဒေနှင့်ညီညွတ်မှုမရှိဘဲ အခြားနည်းဖြင့် ကျူးလွန်အသုံးပြုမှု များတွင် အစိုးရဌာနအဖွဲ့အစည်းတို့၏ အသုံးပြုမှုများနှင့် သာသနာရေး/ ဘာသာရေး ဆိုင်ရာ အသုံးပြုမှုများနှင့်စပ်လျဉ်းပြီး ဆောင်ရွက်သင့်သည့်နည်းလမ်းများကို အဆိုပြု တင်ပြပေးရန်၊

(ဇ) လယ်ယာမြေများကို ဥပဒေနှင့်ညီညွတ်မှုမရှိဘဲ အခြားနည်းဖြင့် ကျူးလွန်အသုံးပြုမှု များတွင် စီးပွားရေးလုပ်ငန်းများအတွက် အသုံးပြုမှုများနှင့်စပ်လျဉ်းပြီး ဆောင်ရွက် သင့်သည့် နည်းလမ်းများကို အဆိုပြုတင်ပြပေးရန်၊

(ဈ) ကျူးလွန်အသုံးပြုထားသော အဆောက်အဦများအား ဖျက်သိမ်းလိုက်ပါက စိုက်ပျိုး နိုင်သော လယ်ယာမြေများအဖြစ် ပြန်လည်ရောက်ရှိနိုင်ခြင်း ရှိ/မရှိ သုံးသပ်တင်ပြရန်၊

(ည) ယခုကျူးလွန်အဆောက်အဦကြောင့် ပတ်ဝန်းကျင်ရှိ စိုက်ပျိုးမြေများအပေါ် ထိခိုက် နိုင်မှု ရှိ / မရှိ စိစစ်တင်ပြပေးရန်၊

(ဋ) လယ်ယာမြေဥပဒေပုဒ်မ ၁၉ (က) အရ ဒဏ်ကြေးသတ်မှတ်မည်ဆိုပါက သတ်မှတ် သင့်သည့် တွက်ချက်မှုနည်းလမ်းကို အဆိုပြုတင်ပြပေးရန်၊

(၄)	နောင်တွင် လယ်ယာမြေများကို ဥပဒေနှင့်ညီညွတ်မှုမရှိဘဲ အခြားနည်းဖြင့် ကျူးလွန်အသုံးပြုမှု မရှိစေရေးအတွက် ဆောင်ရွက်သင့်သော နည်းလမ်းများကို အဆိုပြုတင်ပြပေးရန်၊

(၃)	လယ်ယာမြေကို အခြားနည်းသုံးစွဲထားမှုများဖြေရှင်းဆောင်ရွက်မည့် နည်းလမ်းနှင့် နောင်ထပ်မံမဖြစ်ပွားစေရေးအတွက် ဆောင်ရွက်မည့်နည်းလမ်းများ လုပ်ထုံးလုပ်နည်းစံနှုန်း (Standard Operating Procedure – SOP) ရေးဆွဲပြုစုရေး နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး / ပြည်နယ်လုပ်ငန်းကော်မတီများမှ တင်ပြလာမှုများအပေါ် စိစစ်သုံးသပ်၍ အကြံပြုချက်နှင့်အတူ ဦးစီးကော်မတီသို့ တင်ပြပေးရန်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး